စာစီစာရိုက်သမားများအတွက်

# မြန်မာယူနီကုဒ် စာရိုက်နည်းလမ်းညွှန်




**ပါဌ်ဆင့်များ ရိုက်သွင်းနည်း**

ပါဌ်ဆင့်ပြုလုပ်လိုလျှင် အသတ်နေရာ၌ ္(Shift+f)ရိုက်ပေးရမည်။ ္(Shift+f)ရိုက်ပြီး ဗျည်းထပ်ရိုက်သောအခါ ပါဌ်ဆင့်စာများ ဖြစ်ပေါ်လာမည်။ ထူးခြားသော ပါဌ်ဆင့်နမူနာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဏ္ဌ=ဏ+္+ဌ ဒ္ဗ=ဒ+္+ဗ ဏ္ဍ=ဏ+္+ဍ ဋ္ဌ =ဋ+္+ဌ

| | |
|---|---|
| ဝိုး | ဝ + ိ + ု + း (သို့) ဝ + ု + ိ + း |
| ကျူ | က + ျ + ူ |
| ကျို | က + ျ + ိ + ု |
| ကျောင်း | ေ + က + ျ + ာ + င + ် + း |
| ကြီး | က + ြ + ီ + း |
| ခြုံ | ခ + ြ + ံ + ု |
| မြို့ | မ + ြ + ိ + ု + ့ |
| ဘွဲ့ | ဘ + ွ + ဲ + ့ |
| ခြင်္သေ့ | ခ + ြ + င + ် + ္ + ေ + သ + ့ |
| ဘွိုင်း | ဘ + ွ + ိ + ု + င + ် + း |
| နှိုး | န + ှ + ိ + ု + း |
| ရှူ | ရ + ှ + ူ |
| ရှိုက် | ရ + ှ + ိ + ု + က + ် |
| နှောင့် | ေ + န + ှ + ာ + င + ် + ့ |
| ချွန် | ခ + ွ + ျ + န + ် |
| ကြွ | က + ြ + ွ |
| ကြွင်း | က + ြ + ွ + င + ် + း |

| | |
|---|---|
| ကြွေး | ေ + က + ြ + ွ + း |
| လျှင် | လ + ှ + ျ + င + ် |
| မြှင့် | မ + ြ + ှ + င + ် + ့ |
| ငြီး | င + ြ + ီ + း |
| ရွှေ | ေ + ရ + ှ + ွ |
| မြင်း | မ + ြ + င + ် + း |
| စက္ကူ | စ + က + ္ + က + ူ |
| လိမ္မော် | လ + ိ + ေ + မ + ္ + မ + ာ + ် |
| အင်္ဂါ | အ + င + ် + ္ + ဂ + ါ |
| အင်္ကျီ | အ + င + ် + ္ + က + ျ + ီ |
| သင်္ဘော | သ + င + ် + ္ + ေ + ဘ + ာ |
| ဥက္ကဋ္ဌ | ဥ + က + ္ + က + ဋ + ္ + ဌ |
| ဆဋ္ဌမ | ဆ + ဋ + ္ + ဌ + မ |
| ဂုဏဝုဍ္ပ | ဂ + ု + ဏ + ဝ + ု + ဍ + ္ + ပ |
| သဏ္ဍာန် | သ + ဏ + ္ + ဍ + ာ + န + ် |
| ဘဏ္ဍာ | ဘ + ဏ + ္ + ဍ + ာ |
| မင်္ဂလာ | မ + င + ် + ္ + ဂ + လ + ာ |

https://web.facebook.com/WikipediaMyanmar/

https://web.facebook.com/groups/mmUnicode/

ဤလမ်းညွှန်တွင် စာစီစာရိုက်လုပ်နေသူများကို ရည်ရွယ်ပါသဖြင့် ဝင်းလက်ကွက်နှင့် ကွဲပြားချက်များကိုသာ အဓိကထား ရှင်းလင်းပြသမည်ဖြစ်ပါသည်။

မြန်မာယူနီကုဒ် စာရိုက်နည်းတွင် logical order keyboard နှင့် Smart keyboard ဟူ၍ နှစ်မျိုးရှိပါသည်။ တစ်ခုရိုက်တတ်ပါက နောက်တစ်ခု ရိုက်တတ်ရန် မခက်ခဲပေ။

မြန်မာယူနီကုဒ် ရိုက်ရာတွင် မြန်မာ၃ လက်ကွက်ကိုသာ အဓိကရှင်းလင်းပါမည်။ မြန်မာ၃ လက်ကွက်သည် ဝင်းလက်ကွက်ကိုသာ အခြေခံသည့်အတွက် လူအများစု ရင်းနှီးပြီးသားဖြစ်မယ်ဟု ထင်ပါသည်။

## မြန်မာစာရေးသားနည်းစနစ် (abugida ရေးသားနည်းစနစ်)




မြန်မာစာရေးသားနည်းစနစ်ကို abugida စနစ်ဟုခေါ်သည်။ အင်္ဂလိပ်စာရေးသားနည်းစနစ်ဖြင့် အဓိက ကွာခြားချက်မှာ အင်္ဂလိပ်စာတွင် ဗျည်းနှင့် သရကို ရှေ့နောက် စီစဉ်၍ ရေးရသည်။ မြန်မာစာတွင်မူ ဗျည်းကို အခြေခံ၍ သရတို့သည် သင်္ကေတများအဖြစ် ပေါင်းစပ်၍ ရေးရသည်။ ထိုသို့ရေးရာတွင် ဗျည်း၏ ရှေ့၊ နောက်၊ ထက်၊ အောက် နေရာပေါင်းစုံမှ ဝန်းရံ၍ ရေးရသည်။ ထို့ကြောင့် မြန်မာစာ ရေးသား နည်းစနစ်သည် ရှုတ်ထွေးသည်။

(က်+အ=က။ က်+အာ=ကာ။ က်+ဣ=ကိ။ က်+ဤ=ကီ။ က်+ဥ=ကု။ က်+ဦ=ကူ။ က်+ဧ=ကေ။ က်+အဲ=ကဲ။ က်+ဩ=ကော။ က်+ဪ=ကော်)




မြန်မာယူနီကုဒ်တွင် တစ်ချောင်းငင်၊ နှစ်ချောင်းငင် အတိုအရှည်မလိုအပ်ပါ။ တစ်ချောင်းငင် အတို အစား "ဒထွေး"၊ တစ်ချောင်းငင် အရှည်အစား "ခအောက်ချိုင့်" ရှိပါသည်။ ဝစ်စနှစ်လုံးပေါက် အပေါ်တွင် "ဂငယ်" ရှိပါသည်။ လက်တွေ့ရိုက်ကြည့်ပါ။

ဒါ ခါ ဂါ။ ဂါ ဒါ ခါ။ ခါ ဒါ ဂါ။




"ဝလုံး"သည် "တဝမ်းပူ"၏ အပေါ်တွင် ရှိသည်။ တနည်းအားဖြင့် အသံဆင်တူသည် "W"နေရာတွင်ရှိ ပါသည်။ အထူးသတိပြုရန်မှာ သုညဖြင့် "ဝလုံး" ကို လုံးဝမရေးရပါ။

"ယပက်လက်"သည် "ဘကုန်း" ၏အပေါ်တွင်ရှိပါသည်။

"ဈမျဉ်းဆွဲ"သည် "ဆလိမ်"၏ အပေါ်တွင်ရှိပါသည်။ အထူးသတိပြုရန်မှာ "ဈ" ကို "စလုံး ယပင့်"ဖြင့် လုံးဝမရေးရပါ။ တစ်ချို့သော samart keyboard များတွင် အလိုအလျှောက် ပြောင်းပေးနိုင်စွမ်းရှိသော်လည်း လုံးဝမရေးခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။




မြန်မာယူနီကုဒ်စာရိုက်ရာတွင် ရရစ် "ြ" ကို ဗျည်းနောက်မှသာရိုက်ရပါသည်။ ဝင်း၊ ဇော်ဂျီ စနစ်များမှာ ဗျည်းရှေ့မှ ရိုက်ခဲ့သည့် အကျင့်ကို ပြန်ဖျောက်ဖို့ အနည်းငယ် အချိန်ပေးရန်လိုနိုင်ပါသည်။ ရရစ်သည် အကြီးအသေး ခွဲစရာမလိုပါ။ သက်ဆိုင်ရာ ဗျည်းကိုလိုက်၍ အလိုအလျှောက် ပုံစံပြောင်းပေးပါသည်။

သဝေထိုး "ေ" သည် မြန်မာယူနီကုဒ် စာရိုက်ရာတွင် လူပြောအများဆုံးကိစ္စဖြစ်သည်။ စံစနစ်တွင် ဗျည်းပြီးမှသာ သရလာရသည့်နည်းတူ "ဧ သရ"၏ သင်္ကေတဖြစ်သော သဝေထိုးကိုလည်း ဗျည်းပြီးမှလာရန်သတ်မှတ်ထားရပါသည်။ က+အေ=ကေ။ ကျ+အေ=ကျေ စသည်ဖြင့် ဆို၍စာရိုက်လေ့ကျင့်ပါက အလွယ်တကူ မှတ်နိုင်ပါသည်။ Smart keyborad များတွင်မူ အရှေ့မှရိုက်၍ရသဖြင့် ပြဿနာမရှိပေ။




မြန်မာယူနီကုဒ်တွင် စာလုံးဆင့်များအတွက် ဝိရာမ(္)ကို ခံ၍ရိုက်ရသည်။ က္က အတွက် က+ဝိရာမ+က ဟုသာ ရိုက်ရသည်။ ဝိရာမသည် အများသောအားဖြင့် "F" နေရာတွင်ရှိသည်။ ဝိရာမ နှင့် အသတ် (်) သည် အမှန်တော့ အတူတူပင်ဖြစ်သည်။ မြန်မာစာအတွက် လိုအပ်သောကြောင့် နှစ်နေရာပေးထားခြင်းဖြစ်သည်။ အသတ်သည် မြင်ရသောဝိရာမ။ မမြင်ရသော အသတ်ကို ဝိရာမဟုခေါ်သည်ဟု မှတ်ထားသင့်သည်။

ယူနီကုဒ်စနစ်မှာ ကကြီးနဲ့ အောက်ဆင့် က ဟာ အတူတူပဲဖြစ်ပါသည်။ ထို့ကြောင့် သီးခြားအက္ခရာအဖြစ်ခွဲမထားပဲ က တစ်ခုတည်းဖြင့်သာ ဝိရာမကိုခံ၍ ရိုက်ရပါသည်။




ဋ္ဌ ဝဂ် သည် အသုံးနည်းသောကြောင့် တည်နေရာကို မှတ်သားထားသင့်သည်။




“ဉကလေး” သည် “ည”အပေါ်တွင်ရှိသည်။ စဉ် ကဲ့သို့ ဉကလေးသတ်များကို အက္ခရာဉ ဖြင့် မ ရေးသားပဲ ဉကလေးဖြစ်သာ ရေးသားရမည်။

“ဿ” သည် “သ” အပေါ်တွင်ရှိသည်။



"အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အို" ဟူ၍ အခြေခံသရ ၁၁ လုံးရှိသည့်အနက် "ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ၊ ဪ" တို့သည် သီးခြား အက္ခရာရှိသည်။

**အက္ခရာဣ** သည် "E" နေရာတွင်ရှိသည်။ **အက္ခရာဤ** သည် "အ" အပေါ်တွင်ရှိသည်။ **အက္ခရာ ဥ** သည် "U" နေရာတွင်ရှိသည်။ **အက္ခရာဦ** သည် "အက္ခရာဥ" ရိုက်သည့် လက်ညှိုး၏ အောက်ဖက် တစ်ကွက်ကျော်ဆင်းရသည်။ **အက္ခရာဧ** သည် အလှည့်တူသည့် { "တွန့်ကွင်း"နေရာတွင်ရှိသည်။ **အက္ခရာဩ၊ အက္ခရာဪ** မှာမူ "အက္ခရာဧ" ဘေးတွင်ရှိသည်ဟု မှတ်နိုင်သည်။

အက္ခရာဦ ကို ဖြစ်နိုင်လျှင် သီးခြားအက္ခရာဖြင့်သာ သုံးသင့်ပါသည်။




အတိုကောက်အက္ခရာများဖြစ်သော ၍၊ ၌၊ ၏၊ ၎ တို့၏ နေရာကို မှတ်သားရန်ဖြစ်ပါသည်။ ၎င်း ကို ၎ ဟုသာ သီးခြားခွဲထားရသည့်အကြောင်းမှာ ၎် ကဲ့သို့အရေးအသားရှိသည့်အတွက်ဖြစ်သည်။



မြန်မာစာမှာ ကင်းစီး “င်္” ဆိုတာ သက်သက်မရှိပါ။ စင်စစ်အားဖြင့် "င" ရဲ့စာလုံးဆင့် ပုံစံသာဖြစ်သည်။ “င်” ငသတ် ပင်ဖြစ်သည်။ ထို့ကြောင့် ၎င်းအတွက် သီးခြားမရှိပဲ င် နောက်တွင် ဝိရာမ လိုက်ခြင်းအားဖြင့် ရိုက်ရသည်။

သတိထားရမည်မှာ ကင်းစီးသည် ရှေ့ကဗျည်းနှင့် သက်ဆိုင်သည်။ ဥပမာ- မင်ဂလာ >> မင်္ဂလာ။ ထို့ကြောင့် ကင်းစီးအရိုက်ကျင့်လျှင် အသံအတိုင်းရိုက်ကျင့်ပါက အဆင်ပြေပါသည်။

မင်_ဂလာ >> မင်္ဂလာ။ သင်_ဘော>>သင်္ဘော။ ခြင်_သေ့>>ခြင်္သေ့။ စင်_ကာပူ>>စင်္ကာပူ။ သင်_ကန်း>>သင်္ကန်း




ဒဏ္ဍာရီလို အရေးအသားမှာပါတဲ့ ဏ္ဍ ဟာ သီးခြားအက္ခရာမဟုတ်ပါ။ ဏ နှင့် ဍ ၏စာလုံးဆင့်ပုံစံသာဖြစ်ပါသည်။ ထို့ကြောင့် ဏ နှင့် ဍ ကြားတွင် ဝိရာမ ခံပြီးရိုက်ရပါသည်။ (ဒဏ်/ဍာ/ရီ)




လယ်ရစ်ပါသည့် ဋ္ဌဝမ်းဘဲ ဟာ သီးခြားအက္ခရာမဟုတ်ပါ။ ဋ္ဌဝမ်းဘဲနှင့်လည်း မတူပါ။ အလွန်အသုံးများလို့ လေ့ကျင့်ထားသင့်ပါသည်။




အာယုဝဍ္ဎန လိုစာသားမှ ဍ္ဎ သည်လည်း သီးခြားအက္ခရာမဟုတ်ပဲ၊ ဍ နှင့် ဎ ဆင့်ထားခြင်းသာဖြစ်ပါသည်။




သဏ္ဌာန် မှ ဏ္ဌ သည်လည်း ဏ နှင့် ဌ ဆင့်ထားခြင်းသာဖြစ်ပါသည်။

မြန်မာယူနီကုဒ်စာရိုက်နည်းနဲ့ ပတ်သက်တာတွေ ပြည့်စုံသင့်သလောက် ပြည့်စုံပြီလို့ ယူဆပါတယ်။ ဒီနေရာမှာ ကျွန်တော့်ရဲ့ လမ်းညွှန်ကို အဆုံးသတ်ပါမယ်။ မြန်မာစာကို ချစ်မြတ်နိုးပြီး တိုးတက်အောင် စွမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်တောင်းလိုက်ရပါတယ်။

ရဲဇာနည်အောင်

၂၉/၆/၂၀၁၈